တီယန်ဇွပ်ကျေးရွာ

တီယန်ဇွပ်ကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့နယ်

ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း(၂၀၁၈-၂၀၂၃)

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ တီယန်ဇွပ်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇူလိုင်လ၊ ၂၀၁၉

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ

တိုယန်ဖွပ် ကျေးရွာကြီး
ဧရိယာမြေပုံ
ကျောက်ခဲတောင်းသွားလမ်း
ကျောက်ခဲတောင်းသွားလမ်း
ပင်လယ်ကမ်းခြေ

ကုသိုလ်ခွင် ပြကွဲခြင်း

စဉ်	အလောင်းဆရာ	ဇနီးရဝါရို	မေမော်ဝါရို	မတ်	ပြေ	မေ	ဇွန်	ဂူလိုင်	ဩဂုတ်	စက်တင်ဘာ	အောက်တိုဘာ	နိုဝင်ဘာ	ဒီဇင်ဘာ
၁	ကုသိုလ်တရားအစုအဆောမရှေ့	အေး	အေး	သင့်	ပူ	ပူ	မိုးဦးကျ	မိုးဦးကျ	မိုးများ	မိုးများ	မိုးနည်း	ဆောင်းဦး	အေး
၂	အရပ်ဒေသကိုင်	ကောင်းသောစွမ်းအင်	ကောင်းသောသွင်	ကျပန်း	ချိုက်	ချိုက်	ပေါင်းရွင်း	ပေါင်းရွင်း	စဉ်ချိတ်	ခိုတ်သိမ်း	ခိုတ်သိမ်း	ကျပန်း	ကျပန်း
၃	ရေဂုဏ်ဓာတု	သင့်	သင့်	ရှာ	ရှာ	သင့်	သင့်	များ	များ	များ	များ	များ	များ
၄	ဝင်ငွေများ	နဲ့	နဲ့	သင့်	နဲ့	နဲ့	နဲ့	နဲ့	သင့်	သင့်	သင့်	သင့်	သင့်
၅	ရောဂါ (လူ)	နှိမ့်	နှိမ့်	နှိမ့်	နှိမ့်	နှိမ့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်
၆	တိရစ္ဆာန်ရောဂါ	-	-	-	ကြက်နာ	ကြက်နာ	-	-	-	-	-	-	-
၇	သီးနှံရောဂါ	-	-	-	-	-	သင့်	သင့်	-	-	-	-	-
၈	သဘာဝဘေး	-	-	-	-	-	-	-	-	-	-	-	-
၉	တမ်းစာဖူလုံ	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	ဖူလုံ	ဖူလုံ	ဖူလုံ	ဖူလုံ	ဖူလုံ
၁၀	ပျော်မွေ့	နှစ်သစ်ကူးမှတော်	-	-	ရေသဘင်မှတော်	-	-	ဝါဆိုပွဲ	-	-	ဗီးထွန်းမှ	ကထိန်မှ	ခရစ္စမတ်မှ

ဆရာ့ဆရာညီးခရိတ်သက်များ



၁။ တည်နေရာနှင့် ပထဝီအနေအထား

တီယန်ဇွပ်ကျေးရွာသည်ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တီယန်ဇွပ်ကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့ – ပူတာအိုကားလမ်း ၊ မြစ်ကြီးနားမြို့နယ်အဆုံး ဆွမ်ပရာဘွမ်မြို့နယ်အစတွင် တည်ရှိပြီး တောင်ပေါ်ကျေးရွာဖြစ်ကာ မလိခမြစ်ဘေးတွင်တည်ရှိသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ရရှိသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၁၀)ဧက၊ ယာမြေ/တောင်ယာမြေ (၂၁၉)ဧက ၊ဥယျဉ်ခြံမြေ (၉၇.၂၅)ဧက၊ ကိုင်း/ ကျွန်းမြေ (၇)ဧကနှင့် မြေလွတ်လပ် (၂၂) ဧက ၊စုစုပေါင်း (၃၅၅.၂၅)ဧကရှိသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်သည်။ တောင်ပေါ်ဒေသဖြစ်သောကြောင့် လယ်မြေပိုင်ဆိုင်မှုနည်းသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်း အဖွဲ့ပေါင်း (၆) ဖွဲ့ရှိပြီး လူမှုရေးသီးသန့်ကိုအခြေခံသော အဖွဲ့ (၁)ဖွဲ့၊ လူမှုရေးနှင့်ဘာသာရေးပူးတွဲလုပ်နေသော အဖွဲ့ (၃)ဖွဲ့၊ ပညာရေးကိုအခြေခံသော အဖွဲ့ (၁)ဖွဲ့နှင့် ငွေကြေးကိုအခြေခံသော အဖွဲ့(၁) ဖွဲ့ရှိပြီး ၎င်းအဖွဲ့များမှာ လိုအပ်ချက်အရဖွဲ့စည်းထားသော အဖွဲ့များသာဖြစ်သောကြောင့် တာဝန်ယူမှု၊တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန်ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှုကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။

ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းမှာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ SARA နှင့်ချိတ်ဆက်မှုရှိသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် အိမ်ခြေ (၁၅၁) ရှိသည့်အနက် မြေယာမဲ့၇၀အိမ်(၄၆.၃၆%) ရှိသောကြောင့် ရွာအိမ်ခြေ၏ တစ်ဝက်ခန့်နီးပါးမှာ မြေယာမဲ့များဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲသားတောင်သူ ၃၂ အိမ်၊ တောင်သူငယ် ၃၂ အိမ်ရှိသော်လည်း ပိုင်ဆိုင်မှုမြေဧက နည်းပြီး တောင်သူလတ် ၁၄ အိမ်နှင့် တောင်သူကြီး ၃အိမ်မှာ မြေယာပိုင်ဆိုင်မှုများကြောင်း တွေ့ရှိရပါသည်။ အဓိကအားဖြင့် စပါးကိုစိုက်ပျိုးကြသည်။ စီးပွားဖြစ်စိုက်ပျိုးခြင်းမဟုတ်ပါ။ မြေယာမဲ့ အိမ်ထောင်စုသည် စုစုပေါင်းအိမ်ခြေ၏ တစ်ဝက်ခန့်ဖြစ်ပြီးအများစုမှာ ကျပန်းလုပ်ကိုင်သူများ ဖြစ်ကြသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြသည်။ စပါးအထွက်နှုန်း မှာ တစ်ဧက ၁၈တင်း မှ ၃၀တင်းအထိထွက်ရှိသည်။ စပါးစိုက်ဧကပေါင်း (၂၀၀)ခန့်ရှိပြီး တောင်ယာတွင်သာစိုက်ပျိုးသည်။ တောင်ယာသာစိုက်ပျိုးသောကြောင့် စိုက်ပျိုးရေးကိရိယာများ ပိုင်ဆိုင်မှုမရှိပါ။

စိုက်ပျိုးရေ၊ ချေးငွေ၊ သီးနှံမျိုးစေ့များလည်း အလွယ်တကူမရရှိနိုင်ကြပါ။ သဘာဝမြေဆွေး/ အော်ဂဲနစ်မြေဩဇာ နှင့် အခြားအော်ဂဲနစ်သွင်းအားစုများ ၊ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာ စသည်တို့ကိုလည်းအလွယ်တကူမရရှိနိုင်ပါ။ သုံးစွဲလေ့မရှိ၊ ဗဟုသုတလည်း မရှိကြပါ။ စီးပွားဖြစ်စိုက်ပျိုးခြင်းမရှိသော်လည်း ဖျက်ပိုးအနည်းငယ်ကျရောက်လေ့ရှိသည်။ ထို့ကြောင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးသင်တန်း နှင့် မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်းများ ပြုလုပ်ပေးရန် တင်ပြကြသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားကို ၈ အိမ်မှ ၂၁ ကောင်၊ ကျွဲကို ၂အိမ်မှ ၇ ကောင်၊ ဆိတ်ကို ၄အိမ်မှ ၂၆ကောင်၊ဝက်ကို ၆၃ အိမ်မှ ၁၂ကောင်နှင့် ကြက်ကို ၉၇ အိမ်မှ ၈၈၆ ကောင် ၊ဘဲကို ၁၄အိမ်မှ ၆၀ကောင် မွေးမြူကြသည်။ မွေးမြူရေးနှင့် ပါတ်သက် ၍ တစ်ပိုင်တစ်နိုင်သာ မွေးမြူလေ့ရှိပြီး စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ မိမိတို့ခိုင်းရန်နှင့် အိမ်စား ရန်အတွက်သာမွေးမြူကြသည်။

မျိုးတိရစ္ဆာန်များလည်း လက်လမ်းမီမှုမရှိပါ။ သွင်းအားစုများကို ဝယ်ယူနိုင်သော်လည်း လွယ်ကူစွာမဝယ်ယူနိုင်ပါ။ စားကျက်မြေမရှိ၊ ချေးငွေမရှိ၊ နည်းပညာနှင့် ဝန်ဆောင်မှုမရှိကြပါ။ အိမ်ခြံဝင်းအတွင်းတွင် မွေးမြူရန်လည်းမြေနေရာလုံလောက်မှုမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာသည် မြစ်ကြီးနား –ပူတာအိုလမ်း ပေါ်တွင်တည်ရှိသောကြောင့် ကုန်စုံဆိုင် ဖွင့်ခြင်း၊ ထမင်းဆိုင်ဖွင့်ခြင်းစသည့်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကုန်ကြမ်းနှင့် လျှပ်စစ်မီး ရရှိမှုလည်းမရှိပါ။ အသက်မွေးဝမ်းကျောင်းနည်းပညာ နှင့်ဝန်ဆောင်မှုများမရရှိသောကြောင့် အလုပ်အကိုင်အခွင့် အလမ်းနည်းပါးပြီး ကျွမ်းကျင်စွာတတ်မြောက်မှုလည်းအားနည်းကြသည်။ ထို့ကြောင့် အသက် မွေးဝမ်း ကျောင်းသင်တန်းများ တက်ရောက်လို ကြသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုအနေဖြင့် မြစိမ်ရောင်ချေးငွေနှင့် အသင်းတော် အတွင်းရှိ ကော်မတီဝင်များမှ ငွေစုကာ ချေးသော MCU ချေးငွေ (၂) မျိုးရှိသည်။(၂)မျိုးလုံးမှာ ကာလလတ် ချေးငွေများဖြစ်သောကြောင့် ရွာသူ/သားများနှင့် ကိုက်ညီသော နှစ်ရှည်ချေးငွေများ ချမှတ်ပေးရန် လိုအပ်သည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေ ၁ စင်း၊ စက်လှေ ၁၈ စင်း၊ စက်ဘီး ၁၀ စင်း၊ မော်တော်ဆိုင်ကယ် ၁၁၂ စီး၊ သုံးဘီးဆိုင်ကယ် ၂စင်းနှင့် ကား ၁၇စီးရှိသည်။ သယ်ယူပို့ဆောင်ရေးယာဉ်မျိုးစုံရှိပြီး ကားနှင့်ဆိုင်ကယ်ကိုအများဆုံး အသုံးပြု နေကြသည်။ အချိန်မှန်လိုင်းကားများပြေးဆွဲသော်လည်း လိုင်းကားခစျေးကြီးသည်။လိုအပ်ပါက စင်းလုံးငှား သွားလာနေရသောကြောင့် ကုန်ကျစရိတ်များသည်။

ရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ပြီးမိုးတွင်းချိန်တွင် တောင်ပေါ်မှ ရေများစီးဆင်း သောလမ်းများ ဖြစ်သည်။ မိုးတွင်းချိန်တွင် အသုံးပြုနိုင်ခြင်းမရှိပဲ ပွင်းလင်းရာသီရောက်မှသာ အသုံးပြုနိုင်သည်။ ထို့ကြောင့်ရွာတွင်းလမ်းအား အဆင့်မြှင့်တင်လိုကြသည်။

ရွာချင်းဆက်လမ်းမှာလည်း ကတ္တရာလမ်းဖြစ်ကာ ကောင်းမွန်ပြီး တစ်နှစ်ပတ်လုံး အသုံး ပြုကြသည်။

ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့်ဝေးသောကြောင့် လျှပ်စစ်မီးရရန်ခက်ခဲသည်။ ထို့ကြောင့် ဆိုလာမီးကိုသာအသုံးပြုကြရပြီး ဆိုလာအသုံးပြုသူ (၁၂၄) အိမ်၊ ဒီဇယ်အင်ဂျင် သုံးစွဲသူ (၂၄) အိမ်နှင့် လျှပ်စစ်မီးအသုံးမပြုနိုင်သောအိမ် (၁၂) အိမ်ရှိသည်။ အချို့အိမ်များမှာ ဆိုလာနှင့် အင်ဂျင် ၂ မျိုးလုံး အသုံးပြုကြသည်ကို တွေ့ရသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် တယ်လီဖုန်းအရေအတွက် ၂၁၀လုံးရှိပြီး အမ်ပီတီ၊ အော်ရီဒူး သာရှိပြီး တာဝါတိုင်မှာကျေးရွာအတွင်းတွင်မရှိ ကျေးရွာနှင့် (၇) မိုင်ဝေးသောနေရာတွင်သာရှိသော ကြောင့် ဖုန်းလိုင်းမကောင်းပါ။

ရေဒီယို အသုံးပြုသူ ၂၉လုံးသာရှိသောကြောင့် အသုံးပြုသူနည်းပါသည်။

တီဗီ ၄၈ လုံးနှင့် ဂြိုလ်တုစလောင်း (၂၃) လုံး(စကိုင်းနက် + ပီအက်အိုင်) များကို အသုံးပြုကြသည်။

၆။ ပညာရေး

ကျေးရွာတွင် အလယ်တန်းကျောင်းအဆင့်သာရှိသောကြောင့် အထက်တန်း ကို မြစ်ကြီးနားမြို့ထိလာရောက်၍ ဆွေမျိုးအိမ်များနှင့် ပိုက်ဆံတတ်နိုင်သူများမှ အဆောင်ထားကြသည်။ ရွာရှိကျောင်းမှာ ကျောင်းဆောင်လုံလောက်မှုလည်းမရှိကာအဆောက်အဦနံရံများလည်း ပျက်စီးနေသည်။ ကျောင်းပရိဘောဂများနှင့် ကျောင်းသုံးသင်ထောက်ကူပစ္စည်းလည်း လုံလောက်မှုမရှိပါ။ ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု အသင့်အတင့်ရှိသည်။ ကျောင်းကစားကွင်းပြုလုပ်ချင်ကြသည်။ တက္ကသိုလ်တက်နေသည့်ကျောင်းသား၊ကျောင်းသူ အနည်းငယ် ရှိသည်။

ကျေးရွာတွင် စာမတတ်သူများမှာ သက်ကြီးရွယ်အိုများသာဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၃၇.၉) ရာခိုင်နှုန်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၈.၂) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူမှာ (၁၈.၃) ရာခိုင်နှုန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၄.၄)ရာခိုင်နှုန်းတို့ရှိကြသည်။

၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အာဟာရမှတ်တမ်းယူမှုနှင့် ကာကွယ်ဆေးများကို ကျန်းမာရေးဌာနမှ နှစ်စဉ်ပုံမှန်ထိုးပေးလေ့ရှိသည်။ ကျန်းမာရေးဌာနခွဲရှိသဖြင့် အချိန်မရွေးသွားရောက်နိုင်သည်။ အရေးပေါ်အချိန်များတွင် ၃၁ မိုင်ခန့်ဝေးသော အောင်မြင်သာတိုက်နယ်ဆေးရုံနှင့် ၅၃ မိုင်ခန့်ဝေးသော မြစ်ကြီးနားမြို့နယ်ဆေးရုံသို့ သွားရောက်ကြသည်။ အရေးပေါ်လူနာတင်ယာဉ် မရှိသောကြောင့်များစွာ အခက်အခဲဖြစ်ရသည်။ ထို့ကြောင့် အရေးပေါ်လူနာတင်ယာဉ် လိုအပ်ကြောင်းတင်ပြသည်။

ကျေးရွာတွင်တီယန်ဇွပ်ကျေးရွာတွင် စိမ့်စမ်းကိုသာ၁ရာသီအသုံးပြုကြရပြီး သောက်သုံးရေအရည်အသွေးစစ်ဆေးထားခြင်းမရှိပါ။ ရေအရည်သွေးစစ်ဆေးလိုကြောင်း တင်ပြကြသည်။

ကျေးရွာတွင် အိမ်ခြေ (၁၅၁)အိမ်ရှိပြီး ရေလောင်း/ယင်လုံအိမ်သာသုံးစွဲသည့် အိမ်ထောင် စု (၁၂၅)စု ၊ တွင်း/ဇလားရှိအိမ်သာ သုံးစွဲသည့် အိမ်ထောင်စု (၁၉) စု ၊ အိမ်သာမရှိသော အိမ်ထောင်စု(၇) စုရှိသည်။ ယင်လုံအိမ်သာသုံးစွဲသော်လည်း ကျန်းမာရေးဗဟုသုတအားနည်းကြသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု၊ မြေယာမဲ့၊ ဆင်းရဲသားတောင်သူ နှင့် လက်လုပ်လက်စားကျပန်း လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၎င်းအိမ်ထောင်စုများ သည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ထိခိုက်ခံစားရလွယ်ကူနိုင်သည်။

လမ်းခင်းရန်အတွက် သဲကျောက် ထုတ်ယူသုံးစွဲမှုများရှိသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ်များအနေဖြင့် အမဲလိုက်ကြ၍ ပြုန်တီးလာပြီးဖြစ်သည်။သစ်တော ပြုန်းတီးမှုများလည်းရှိ သည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်နှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု ခေါင်းဆောင်မှု၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင်အမျိုးသမီးများ တက်ကြွစွာပါဝင်ကြသည်။ အမျိုးသမီးများ အိမ်တွင်း အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသေးပါ။ အမျိုးသမီး ကာကွယ်စောင့်ရှောက်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတို့ကို ဖွင့်လှစ်ပေးရန်လိုအပ်သည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်
၁	ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ အားကစားကွင်းဆောက်လုပ်ခြင်း ၂။ ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ခြင်း	၈
၂	ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ ကျန်းမာရေးဆရာ/ဆရာမများလိုအပ်ခြင်း ၂။ ဆေးဝါးပစ္စည်းများထောက်ပံ့ပေးရန် ၃။ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း ၄။ အရေးပေါ်လူနာတင်ယာဉ်ထောက်ပံ့ခြင်း	၄
၃	ကျန်းမာရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။ အရံသားဖွားသင်တန်း ၂။ ရှေးဦးသူနာပြုသင်တန်း	၁၀
၄	သောက်ရေသန့်ရရှိရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ ရေကန်နှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း	၁

၅	လမ်းတံတားနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း	၁။ ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း ၂။ ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း ၃။ အားကစားကွင်းဆောက်လုပ်ခြင်း ၄။ ကျေးရွာစျေးတည်ဆောက်ခြင်း ၅။ တာဝါတိုင်တိုးချဲ့ပေးရန်	၅
၆	စိုက်ပျိုးနှင့် မွေးမြူရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။ ဘက်စုံပျိုးမွားကာကွယ်နှိမ်နှင်းရေးသင်တန်း ၂။ မြေဩဇာပြုပြင်ထိန်းသိမ်းနည်းသင်တန်း ၃။ တိ/မွေးကုသင်တန်းများ ၄။ အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေ	၆
၇	စိုက်/မွေးမဟုတ်သောအသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။ စက်ချုပ်သင်တန်း ၂။ ရိုးရာယက္ကန်း/စက်ယက္ကန်းသင်တန်း ၃။ ကား/ဆိုင်ကယ် ဝပ်ရှော့သင်တန်း ၄။ အလှပြင်သင်တန်း	၉
၈	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း	၁။ ခေတ်မီစာကြည့်တိုက်ထူထောင်ပေးရန် ၂။ အားကစားကွင်းဆာက်လုပ်ပေးခြင်း ၃။ မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေးဟောပြောပွဲ	၂
၉	သဘာဝဘေးလျော့ချမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖွံ့ဖြိုးမှုစီမံကိန်း	၁။ အမှိုက်ပုံးနှင့် အမှိုက်သိမ်းယာဉ်ထူထောင်ခြင်း	၇
၁၀	အမျိုးသမီးများစွမ်းဆောင် ရည်ဖွံ့ဖြိုးမှုစီမံကိန်း	၁။ အမျိုးသမီးကာကွယ်စောင့်ရှောက်မှုသင်တန်း ၂။ အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း	၂

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၄၈ ဇယား)/ (တီယန်ဇွပ် ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ)

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၁၀	၁၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၇	၂၆	၅၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၈	၄၆	၉၄
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၂	၄၅	၉၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၅၆	၂၅၃	၅၀၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၉	၁၄	၂၃
စုစုပေါင်း		**၃၉၇**	**၃၉၄**	**၇၉၁**
စုစုပေါင်းအိမ်ထောင်စု				**၁၅၁**

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ တီယန်ဇွပ်ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၅၁စု ရှိပြီး လူဦးရေပေါင်း ၇၉၁ (ကျား ၃၉၇ + မ ၃၉၄) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၅.၂ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ ယောက်ထက် အနည်းငယ်ပိုနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ်စုစုပေါင်း ၁၅ဦး ၊ ၁.၉ % သာရှိသဖြင့် မွေးဖွါးနှုန်းကျဆင်းလာနေသည်ကို တွေ့ရသည်။ ၅ နှစ်အောက်ကလေး ၅၃ ဦး (၆.၇%) ရှိသည်ကိုသိရှိခြင်းအားဖြင့် ကာကွယ် ဆေးထိုးရမည့် ကလေးအရေအတွက်ကိုအတိအကျသိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှုအခြေအနေကို အလွယ်တကူ တွက်ချက် နိုင်မည်။ မူလတန်းအရွယ် ကလေး ၉၄ ဦး (ကျား ၄၈ + မ၄၆) နှင့် အလယ်တန်းကျောင်းသားအရွယ် ၉၇ ဦး (ကျား ၅၂ + မ ၄၅) ရှိသည်ကိုသိခြင်းဖြင့် ကျောင်းနေ အရွယ်ကလေးတိုင်းကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင် သောအရွယ် ၅၀၉ (ကျား ၂၅၆+ မ ၂၅၃)၊ (၆၄.၃၅%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်း လုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါကကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာအထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင် သောအရွယ်တွင် အမျိုးသားဦးရေသည်အမျိုးသမီး ဦးရေထက် ၃ ဦး ပိုများနေသည်ကို တွေ့ရသည်။ ကျေးရွာ တွင် သက်ကြီးရွယ်ကြီး ၂၃ ဦး (ကျား ၉+မ ၁၄) ဦး (၂.၉%) ရှိသဖြင့် သက်ကြီးရွယ်ကြီး အရေအတွက် အလွန်နည်းပြီး ကျေးရွာတွင် ကျန်းမာရေး အခြေအနေ (သို့မဟုတ်) လုံ ခြုံရေးအခြေအနေ

ညံ့သည်ကို တွေ့ရသည်။ သက်ကြီးရွယ်ကြီးတွင်လည်း အမျိုးသမီးဦး ရေသည် ၅ ဦး ပိုများနေသည်ကို တွေ့ရသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အသက်ပိုရှည်သည်ကို တွေ့ နိုင်သည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၀	၁၄၉	၂	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၈	၁၆	၂	မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၈	၆၅	၄	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၃	မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	၆	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၆	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂		မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၃၂	၆၃	၁၀၈	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၁၅၁	၂၉၇	၁၂၉	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ တိယန်ဇွပ်ကျေးရွာတွင် အိမ်ခြေ ၁၅၁ ရှိသည့်အနက် စိုက်ပျိုးရေးကို အဓိက ကိုယ်ပိုင်လုပ်ကိုင်သူ (၇၀) အိမ် နှင့် အလုပ်လုပ်ကိုင်သူ (၁၄၉) ဦး၊ အလုပ်သမားအဖြစ်လုပ်ကိုင်သူ (၈) အိမ် နှင့် အလုပ်လုပ်ကိုင်သူ (၁၆)ဦး၊ ဈေးရောင်းသူ ကိုယ်ပိုင် ၃၈ အိမ်နှင့် အလုပ်လုပ်ကိုင်သူ (၆၅)ဦး ၊ ပို့ဆောင်ရေးလုပ်ငန်း ဖြစ်သော လှေမောင်းလုပ်ငန်းလုပ်ကိုင်သူ ၁အိမ် မှ အလုပ်လုပ်ကိုင်သူ (၂) ဦး ၊ လူမှုရေးလုပ်ငန်း အမှုတော်ဆောင်အဖြစ်လုပ်ကိုင်သော အိမ် (၂)အိမ်မှ လုပ်ကိုင်သူ (၂)ဦး နှင့် အိမ်များ တွင် အလုပ်သမားအနေဖြင့် အငှါးလုပ်ကိုင်သူ ၃၂ အိမ် မှ အလုပ်လုပ်ကိုင်သူ (၆၃)ဦး၊ စုစုပေါင်း (၁၅၁) အိမ်နှင့် အလုပ်လုပ်ကိုင်သူ (၂၉၇)ဦးဖြစ်သည်။ အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူများ မှာ လယ်ယာလုပ်ငန်းအဖြစ်ကိုယ်ပိုင်လုပ်ကိုင်သူ ၂ဦးနှင့် အလုပ်သမား အဖြစ် လုပ်ကိုင်သူ ၂ ဦး၊ ဈေးရောင်းလုပ်ငန်း လုပ်ကိုင်သူ ကိုယ်ပိုင် (၄)ဦးနှင့် အလုပ်သမားအဖြစ် လုပ်ကိုင်သူ (၃) ဦး၊ ကားမောင်းလုပ်ငန်းကိုယ်ပိုင်လုပ်ကိုင်သူ ၅ဦးနှင့် လှေမောင်းကိုယ်ပိုင်လုပ်ကိုင်သူ ၁ဦး နှင့် ကားမောင်းလုပ်ငန်းအလုပ်သမားအဖြစ်လုပ်ကိုင်သူ ၂ဦးနှင့် လှေမောင်းလုပ်ငန်း အလုပ်သမား အဖြစ်လုပ်ကိုင်သူ (၂)ဦး ၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ်လုပ်ကိုင်သူ (၁)ဦး ၊ကျပန်းအဖြစ်လုပ်ကိုင်သူ (၁၀၈)ဦး နှင့် အပြင် ကုမ္ပဏီတွင် လုပ်ကိုင်သူ (၁) ဦး စုစုပေါင်း (၁၂၉)ဦး ရှိသည်။ တိယန်ဇွပ်ကျေးရွာတွင် စုစုပေါင်းအလုပ်လုပ်ကိုင်သူ (၄၂၆)ဦး အဓိက (၂၉၇)ဦး + တွဲဖက် (၁၂၉)ဦး ရှိသည်။ ဇယား (၁) တွင် အလုပ် လုပ်နိုင်သော အရွယ် (၅၀၉) ဦးရှိသော်လည်း ယခုအလုပ်လုပ်ကိုင်သူ ဦးရေစုစုပေါင်းမှာ (၄၂၆) (ကပ ၂၂၈ + လုပ်သား ၁၉၈= ၄၂၆) ဦးရှိသောကြောင့် အလုပ်လုပ်နိုင်သည့်အရွယ် အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်နေသူ စုစုပေါင်း (၆၃) မှအပ ကျန်ကျောင်းမနေတော့သည့် အလုပ်လုပ်သည့် အရွယ် ၂၀ ဦးမှာ အလုပ်လက်မဲ့ ဖြစ်နေသည်။ ၁၅၁ အိမ်မှ အလုပ်လုပ်နေသူ ၄၂၆ ဦးရှိသောကြောင့် မိသားစုစားဝတ်နေရေးအတွက် တစ်အိမ်ထောင်ပျမ်းမျ

(၂.၈) ယောက်အလုပ်လုပ်နေရကြောင်းသိနိုင် သည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ ၁၂၉ ဦး ရှိသည်ကို ကြည့်ခြင်းအားဖြင့် ၁၅၁ အိမ်မှ ၁၂၉ ဦး သည်မိသားစုရပ်တည်ရေးအတွက် လုပ်ငန်း တစ်မျိုးထက်ပို၍ လုပ်နေကြရသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၁၀၀၀၀	၇၀၀၀	၈၀၀၀	၅၀၀၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၆၀၀၀	၁၀၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား		၃၀၀၀		၁၅၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ တိယန်ဇွပ်ကျေးရွာတွင် ဝင်ငွေရလုပ်ငန်း ၄ မျိုးရှိသည်ကို တွေ့ရသည်။ ၄င်းတို့မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ သတ္ထုတူးဖော်ခြင်း၊ ကျောက်ထုတ်လုပ် ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း၊ ဆောက်လုပ်ရေး လက်သမား၊ ပန်းရံလုပ်ငန်းများနှင့် လက်လီ-လက်ကား

ရောင်းဝယ်ရေးလုပ်ငန်းတို့ ဖြစ်သည်။ လယ်ယာလုပ်ငန်းခွင်တွင်သာ အမျိုးသားနှင့် အမျိုးသမီးများမှာ လုပ်အားခတန်းတူရရှိကြပြီး ကျန်လုပ်ငန်းခွင်များမှာ အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခနည်းသည်ကိုတွေ့ရခြင်းအားခြင့် လုပ်အားခတန်းတူရရှိမှုမရှိကြောင်း တွေ့ရှိရသည်။ ရာသီအလိုက်သာ အလုပ်ရနိုင်ကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာလည်း တစ်ပိုင်တစ်နိုင် လုပ်ငန်းများသာဖြစ်သောကြောင့် ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၀	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၁၉	ကောင်း ☐	သင့်☒	ညံ့ ☐
ဥယျာဉ်ခြံမြေ	၉၇.၂၅	ကောင်း ☐	သင့်☒	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၇	ကောင်း ☐	သင့်☒	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	၂၂	ကောင်း ☐	သင့်☒	ညံ့ ☐
စုစုပေါင်း	၃၅၅.၂၅	☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ တိယန်ဇွပ်ကျေးရွာသည် တောင်ပေါ်ရွာဖြစ်သောကြောင့် လယ်မြေဧက နည်းပါးသည်။ ထို့ကြောင့် လယ် ၁၀ဧက၊ ယာမြေ/တောင်ယာမြေ ၂၁၉ ဧက၊ ဥယျာဉ်ခြံမြေ ၉၇.၂၅ဧက၊ ကိုင်း/ကျွန်းမြေ ၇ ဧက၊ မြေလွတ်မြေလပ် ၂၂ ဧက၊ စုစုပေါင်း (၃၅၅.၂၅) ဧကရှိသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းသည်။ တောင်ပေါ်ဒေသဖြစ်သောကြောင့် စိုက်ပျိုးရေ ရရှိရန်ခက်ခဲ ၍ စိုက်ပျိုးမြေချဲ့ထွင်နိုင်ခြင်းမရှိကြပါ။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။)	များ ☐ သင့် နည်း မရှိ ☒	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်☒ နည်း ☐ မရှိ ☐	လွယ် ☐ခက်☒ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☒
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☒မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။

လေ့လာတွေ့ရှိချက်။ ။ တိယန်ဇွပ်ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်နှင့် အခြားတွင်းထွက် သယံဇာတများလည်းမရှိပါ။ ဆောက်လုပ်ရေးအတွက် သဲနှင့် ကျောက်ကို အသင့်အတင့်ရရှိနိုင်ပြီး မိုးတွင်းကာလများတွင် ရေဖုံးလွှမ်းသဖြင့် ထုတ်ယူအသုံးပြုနိုင်ခြင်း မရှိကြပါ။ တမာ၊ ရေမနေ၊ ဝါး၊ ကျောက်စက်နွယ်၊ ဆင်တုံးမနွယ် နှင့် အမည်မသိ ဆေးဖက်ဝင်အပင် များရှိသော်လည်း အသုံးပြုခြင်းမရှိကြပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေဖြင့် သစ်တောများပြုန်းတီး လာပြီး အမဲလိုက် ကြ၍ မျောက်၊ တောဝက်၊ ချေနှင့် ဆတ်တို့လောက်သာကျန်ရှိတော့သည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည် သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၅ဧက-၁၀ဧကကြား	၁၀ဧက-၂ကေကြား	၂ကေအောက်	မြေယာမဲ့
အိမ်အခြေအနေ	သွပ်မိုး ထရံကာ ပျဉ်ခင်း	သွပ်မိုး ထရံကာ ပျဉ်ခင်း	သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း၊ မြေစိုက်	မိုးကာတဲ၊ မြေတဲ၊

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ကား - ၁-၃စီး လှေ - ၁-၄ စီး ဆိုင်ကယ်-၁-၂စီး ရေခဲသေတ္တာ၁-၂လုံး တီဗွီ- ၁လုံး ဖုန်း- ၁-၂လုံး	ကား - ၁စီး ဆိုင်ကယ် -၁-၂စီး ရေခဲသေတ္တာ -၁လုံး တီဗွီ - ၁လုံး ဖုန်း - ၁-၂လုံး	ဆိုင်ကယ် - ၁စီး တီဗွီ - ၁ လုံး ဖုန်း - ၁-၂ လုံး	
အဓိကစီးပွားရေး လုပ်ငန်း	ကုန်သည် စျေးရောင်း	တောင်သူ စျေးရောင်း	တောင်သူ ကျပန်း	ကျပန်း
အိမ်ထောင်စု (၁၅၁)	၁၄	၃၈	၈၉	၁၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ တီယန်ဖွပ်ကျေးရွာတွင် အိမ်ခြေ ၁၅၁အိမ်ရှိပြီး အဆင့် ၁ (၁၄) အိမ် (၉.၂၇%) ၊ အဆင့် ၂ (၃၈)အိမ် (၂၅.၁၇%)။ အဆင့် ၃ (၈၉) အိမ် (၅၈.၉၄%)။နှင့် အဆင့် ၄ (၁၀) အိမ် (၆.၆၂%) ရှိသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ကုန်ထုတ်လုပ်မှုမဆိုင်သောပိုင်ဆိုင်မှုတို့သည် ကျေးရွာစီးပွါးဥစ္စာဓန အဆင့်ခွဲရာတွင် အဓိကအရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင်အဆင့် ၃ နှင့် အဆင့် ၄ အိမ် အရေအတွက် စုစုပေါင်းသည် အဆင့် (၁)နှင့် အဆင့် (၂)အိမ် အရေအတွက်ထက် ပိုများနေကြောင်း တွေ့ရသည်။ အဆင့် (၁)နှင့် အဆင့်(၂) အိမ်ထောင်စုများမှာ ပိုင်ဆိုင်မှုအနေဖြင့် များပြားစွာပိုင်ဆိုင်ကြပြီး ဝမ်းစာဖူလုံကြသော်လည်း အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေအိမ်ထောင်စု များမှာပိုင်ဆိုင်မှု အလွန်နည်းကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် အများစုဖြစ်သော အဆင့် ၃ နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂ အိမ် များသို့ ကျပန်းသွားရောက် လုပ်ကိုင် ကြရသည်။

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၄ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဆင့် (၃) ၈၉ အိမ်နှင့် အဆင့် (၄) ၁၀ အိမ်ရှိသောကြောင့် ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်ရှိမှုစစ်တမ်းကို အဆင့် (၃) မှ ၂၇ အိမ်နှင့် အဆင့် (၄) မှ ၃ အိမ်ကို စစ်တမ်းကောက်ယူရမည်ဖြစ်သည်။ စစ်တမ်းကောက်ယူမှုအရ ၁၄ အိမ်ထောင်စုမှာ ဝမ်းစာမဖူလုံချိန်၌ ဆွေမျိုးများ/အိမ်နီးနားချင်းများထံတွင် ချေးယူကြပြီး ၁၆ အိမ်ထောင်စုမှာ ဈေးဆိုင်များတွင် အဟောင်းပေးအသစ်ယူစနစ်ဖြင့် ဝယ်ယူစားသုံးကြသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၆		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ တိယန်ဇွပ်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့် အထက်၊ မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်များမရှိပါ။ဆင်းရဲ၍ မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်သောအိမ် ထောင်စုမှာ ၁၆ စု ရှိသည်။ ၄င်းတို့မှာ ဆင်းရဲ ပြီးကူညီစောင့်ရှောက်မှုအစီအစဉ် သီးခြားမရှိသောကြောင့် များစွာအခက်အခဲရှိသည်။ အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စုများရခြင်းမှာ အမျိုးသားများသည် မိသားစုစားဝတ်နေရေးအတွက် အလုပ်ကြမ်းများလုပ်ရခြင်း ကြောင့် ကျန်းမာရေးနှင့် မတော်တဆမှုများကြောင့် ဖြစ်သည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တိယန်ဇွပ်ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ သဘာဝရင်းမြစ်ဖြစ်သော စိုက်ပျိုးမြေနှင့် စိုက်ပျိုးရေ ရှားပါးမှု၊ ရွှေ့ပြောင်းတောင်ယာခုတ်ခြင်းကြောင့် သစ်တောပြုန်းတီးခြင်း၊ တောင်ကုန်းဒေသဖြစ်သောကြောင့် ၄က်ဖျားရောဂါဖြစ်ခြင်း၊ တီဘီရောဂါ ဖြစ်ခြင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုမှာလတ်ဖြစ်သည်။

ရေကြီးခြင်း ၊ မုန်တိုင်းငလျင် ၊ မီးဘေး ၊ မြေပြိုခြင်း၊မြေဆီလွှာပျက်စီးမှု၊ ကိုယ်ခံအားကျဆင်းမှု ရောဂါ၊ ပြည်တွင်းပဋိပက္ခ နှင့် လူကုန်ကူးခြင်းစသည့် ထိခိုက်လွယ်မှုများ နိမ့်သည်။

စားနပ်ရိက္ခာမဖူလုံမှု၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ ဆားငန်ရေဝင်မြေ၊ လူကုန်ကူးခြင်း၊ ဝေးခံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် ထိခိုက်လွယ်မှုများမရှိပါ။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်☐	လတ် ☒	နိမ့် ☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ တီယန်ဇွပ်ကျေးရွာ၏ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများတွင် လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု၊ ဆင်းရဲသားတောင်သူများ၊ လက်လုပ် လက်စားများ၊ ကျပန်းများသည် ထိခိုက်သက်ရောက်နိုင်မှု လတ်သည်။

လူငယ်များထိခိုင်သက်ရောက်နိုင်မှုလတ်ဖြစ်ရခြင်းမှာ လူငယ်များသည်မူးယစ်ဆေးဝါးအန္တရာယ် အချိန်မရွေးကျရောက်နိုင်ခြင်း၊ လူကုန်ကူးခံရနိုင်ခြေများခြင်း၊ ခိုက်ရန်ဖြစ်ပွါးမှုများခြင်းကြောင့် ထိခိုက်သက်ရောက်နိုင်မှု လတ်ရခြင်းဖြစ်သည်။

အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသောအိမ်ထောင်စု၊ ဆင်းရဲသားတောင်သူများနှင့် လက်လုပ်လက်စားများ၊ ကျပန်းများမှာလည်း ပုံမှန်အလုပ်အကိုင်မရှိခြင်းနှင့် လုပ်အားခနည်းသဖြင့် မိသားစုဝင်ငွေနည်းသောကြောင့် အချိန်မရွေး ထိခိုက်သက်ရောက်မှု ဖြစ်နိုင်သောကြောင့် ထိခိုက်သက်ရောက် နိုင်မှု လတ်ဖြစ်သည်။

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ နှင့် ကားမောင်းပြီးအသက်မွေးသူများသည် ထိခိုက်သက်ရောက်နိုင်မှု နိမ့်အခြေအနေတွင်ရှိသည်။

ကျန်ထိခိုက်သက်ရောက်မှုအုပ်စုများ မရှိပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျောင်းအကျိုးတော်ဆောင်အဖွဲ့	၁☐ ၂☒ ၃☐	၃	၅	၈	ပညာရေး ☒ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☒ သင့် ☐ ညံ့ ☐
၂	နှစ်ခြင်းအသင်းတော်	၁☐ ၂☒၃☐	၇	၈	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☒ သင့် ☐ ညံ့ ☐
၃	RC အသင်းတော် လူငယ်	၁☐ ၂☒၃☐	၁၈	၁၂	၄၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း☒ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၄	နာရေးအဖွဲ့	၁☐ ၂☒၃☐	၉	၁၁	၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☒ သင့် ☐ ညံ့ ☐
၅	မိခင်အသင်း	၁☐ ၂☒ ၃☐		၂၅	၂၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☒ သင့် ☐ ညံ့ ☐
၆	MCU ငွေစုငွေချေးအသင်း	၁☒ ၂☐ ၃☐	၂၀	၅၀	၇၀	ပညာရေး ☐ ငွေကြေး ☒ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ တိယန်ဇွပ်ကျေးရွာအတွင်းတွင်အဖွဲ့ပေါင်း (၆) ဖွဲ့ရှိပြီး လူမှုရေးသီးသန့်ကို အခြေခံသောအဖွဲ့ ၁ ဖွဲ့နှင့် လူမှုရေးနှင့် ဘာသာရေးပူးတွဲလုပ်နေသောအဖွဲ့ ၃ဖွဲ့နှင့် ပညာရေးကို အခြေခံသောအဖွဲ့ ၁ ဖွဲ့နှင့် ငွေကြေးကိုအခြေခံသော အဖွဲ့ (၁)ဖွဲ့ ရှိသည်။ ၄င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ ဖွဲ့စည်းသော အဖွဲ့များသာဖြစ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်းအပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ ပြင်ပမှလုပ်ငန်းလိုအပ်ချက်အရဖွဲ့စည်းခဲ့သော အဖွဲ့များ မရှိကြပါ။ သို့သော်လက်ရှိ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်နှင့် ဖွဲ့စည်းပုံများ၊ တာဝန်ခွဲဝေမှုများ၊ အဖွဲ့အစည်း ဆိုင်ရာအခြေခံ သဘောတရားအရ ကျေးရွာအပေါ်စနစ်တကျ ဦးဆောင်နိုင်မှုမှာ အားနည်းနေသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	SARA	၁☐ ၂☒ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☒ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ခမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

